# Rohto Mentholatum (Myanmar) Co.Ltd နှင့် Prof;Dr Tadashi Hattori တို့ ရန်ကုန်မျက်စိဆေးရုံသို့ လှူဒါန်း

Rohto Mentholatum (Myanmar) Co.Ltd နှင့် Prof;Dr Tadashi Hattori တို့ ပူးပေါင်းပြီး ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီးသို့မျက်စိခွဲစိတ်ရာနှင့်ကုသရာတွင် အသုံးပြုသောစက်ပစ္စည်းနှင့် Intra Ocular Lens များလှူဒါန်းသည့် အခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက် နေ့က ရန်ကုန်မျက်စိအထူးကု ဆေးရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။ ၎င်းပွဲသို့ Rohto Mentholatum (Myanmar) Co.Ltd မှ ဝန်ထမ်းများ၊ ရန်ကုန်မျက်စိဆေးရုံမှဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် Prof; Dr Tadashi Hattori က ဆေးရုံတွင်တက်ရောက်ကုသနေသော မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ပူးပေါင်းလှူဒါန်းခြင်းမှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ယခုလိုလှူဒါန်းမှုများကို အခါအားလျော်စွာ လှူဒါန်းသွားမည်ဖြစ်ကြောင်း Rohto Mentholatum (Myanmar) မှ တာဝန်ရှိသူကပြောကြားသွားသည်။

သိမ်မွေ့